# ၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်း အက်ဥပဒေ

[ ၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၄]

# ၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်း အက်ဥပဒေ

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၄။]

အလုပ်သမားများနှင့်ပတ်သက်၍ အချို့စာရင်းစစ်တမ်း ကောက်ယူရန် လွယ်ကူစိမ့်သောငှါ၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ဖြင့်၊ ပြဋ္ဌာန်းလိုက်သည်။

အမည်တို တည်ရာနယ် အဝှန်းနှင့် စတည်ရန် နေ့ရက်။

၁။ ။(၁) ဤအက်ဥပဒေကိုအလုပ်အကိုင်ဆိုင်ရာစာရင်းစစ်တမ်းယူခြင်း အက်ဥပဒေဟူ၍ ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံ တဝှန်းလုံးနှင့် သက်ဆိုင်ရမည်။

(၃) ဤအက်ဥပဒေစ၍ အာဏာတည်ရန်အလို့ငှါ၊ နိုင်ငံတော်သမတက အခါကာလအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍ သတ်မှတ်သည့် နယ်များနှင့် နေ့ရက်တွင် အာဏာတည်စေရမည်။

အဓိပ္ပါယ်ဖေါ်ပြချက်။

၂။ ။ဤအက်ဥပဒေတွင် ''ပြဋ္ဌာန်းသည်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရပြုလုပ်သည့်နည်းဥပဒေများတွင်ဖြစ်စေ၊ ထိုနည်းဥပဒေများအရပြဋ္ဌာန်းသည့်ပုံစံတခုခုတွင်ဖြစ်စေ၊ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

စာရင်းစစ်တမ်း ကောက်ယူခြင်း။

၃။ ။နိုင်ငံတော် သမတသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍ ထိုအမိန့် ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့် နေရာများတွင်၊ အလုပ်သမားများအကျိုးတိုးပွါးရေးမှစ၍၊ အလုပ်သမားများ၏ အလုပ်အကိုင် အခြေအနေများနှင့် ဆိုင်သမျှကိစ္စများကို စာရင်းကောက်ယူရန် ဆင့်ဆိုနိုင်သည်။

ထိုကိစ္စများတွင် အထူးသဖြင့် အောက်ပါတို့လည်း ပါဝင်သည်။

(၁) အသုံးအဆောင် ပစ္စည်းဈေးနှုန်းများ။
(၂) အလုပ်ဆင်းသူ၊ မဆင်းသူ။
(၃) နေရေးဆိုင်ရေးအခြေအနေများ၊ ဤအချက်တွင် နေအိမ်စီမံပေးရေး၊ ရေပေးရေးမှစ၍ သန့်ရှင်း စင်ကြယ် ရေးလည်း ပါဝင်သည်။
(၄) ကြွေးမြီတင်ရှိခြင်း။
(၅) နေအိမ်ငှါးရမ်းခများ။
(၆) လုပ်ခများနှင့် အခြားဝင်ငွေများ။
(၇) အိုနာစာရံပုံငွေနှင့် အခြားရံပုံငွေများ။
(၈) အကျိုးခံစားခွင့်များနှင့် အခြားသက်သာခွင့်များ။

(၉) အလုပ်ချိန်နာရီများ။

(၁၀) အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့။

(၁၁) လုပ်ကိုင်ရေး ငြင်းခုံမှုများ၊ ဤအချက်တွင် အလုပ်ရပ်စဲခြင်းကြောင့်ဖြစ်စေ၊ အလုပ်ရုံပိတ်ထားခြင်းကြောင့်ဖြစ်စေ၊ ထိခိုက်နစ်နာသည့် အလုပ်သမားဦးရေနှင့် အလုပ်မလုပ်ရ၍ ဆုံးရှုံးရသည့် နေ့ရက်များ ပါဝင်သည်။

(၁၂) ဖျားနာခြင်း။

(၁၃) အလုပ်သမားဦးရေနှင့် လုပ်သားအမျိုးအစား။

(၁၄) အားလပ်ခွင့်နှင့် အလုပ်ပိတ်ရက်များ။

(၁၅) ကုန်ထွက်စွမ်းရည်။

ထို့ကြောင့် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဤကဲ့သို့ ကောက်ယူသော စာရင်းစစ်တမ်းများနှင့်လည်း သက်ဆိုင်ရမည်။

**စာရင်းစစ်တမ်းကောက်ယူရေးအာဏာပိုင်ခန့်ခြင်း။**

၄။ ။နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေအရ စာရင်းစစ်တမ်း ကောက်ယူရန်ကိစ္စအလို့ငှါ၊ အရာရှိတဦးကို စာရင်းစစ်တမ်းကောက်ယူရေးအာဏာပိုင်အဖြစ် ခန့်ထားနိုင်သည်။

**စာရင်းချုပ်များနှင့် အကြောင်းအရာများ တောင်းယူရန် စာရင်း ကောက် ယူရေးအာဏာပိုင်၏အာဏာ။**

၅။ ။(၁) စာရင်းစစ်တမ်းကောက်ယူရေးအာဏာပိုင်သည်၊ ပြဋ္ဌာန်းသည့်အချိန်ကာလ အပိုင်းအခြားတွင်၊ ပြဋ္ဌာန်းသည့် ပုံစံဖြင့် ပြဋ္ဌာန်းသည့် အကြောင်းအရာများ ပါဝင်သော စာရင်းကောက်ယူမည့် ကိစ္စတစုံတရာနှင့် စပ်သက်သော အကြောင်းအရာ၊ သို့တည်းမဟုတ် စာရင်းချုပ်ကို ပြဋ္ဌာန်းသည့်နည်းလမ်းဖြင့်၊ ပြဋ္ဌာန်းသည့် အချိန်များ၌ ပြဋ္ဌာန်းသည့်အာဏာပိုင်ထံ၊ သို့တည်းမဟုတ်ပြဋ္ဌာန်းသောသူထံတင်သွင်းရန်၊ တဦးတယောက်သောသူသို့နို့တစ်စာချအပ်၊ သို့တည်းမဟုတ် ချအပ်စေနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် နို့တစ်စာကို စာတိုက်မှ ချအပ်နိုင်သည်။

**မှတ်တမ်း၊ သို့တည်းမဟုတ် စာချုပ် စာတမ်းကို ဝင်ရောက်ကြည့်ရှုနိုင်သည့် အခွင့်အရေး။**

၆။ ။စာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်ကဖြစ်စေ၊ ထိုအာဏာပိုင်က ကြည့်ရှုရန်ကိစ္စအလို့ငှါ၊ စာဖြင့်အာဏာ လွှဲအပ်ထားသူတဦးတယောက်ကဖြစ်စေ၊ ဤအက်ဥပဒေအရ စာရင်းစစ်တမ်းများ ကောက်ယူရန် ကိစ္စအလို့ငှါ၊ ဤအက်ဥပဒေအရ အကြောင်းအရာ၊ သို့တည်းမဟုတ် စာရင်းချုပ် တစုံတရာတင်သွင်းရန် ဆင့်ဆိုထားသူ၏ လက်ရှိ သက်ဆိုင်ရာ မှတ်တမ်း၊ သို့တည်းမဟုတ် စာချုပ်စာတမ်းတခုခုကို ဝင်ရောက်ကြည့်ရှုနိုင်သည်။ ထို့ပြင် ဤသို့သောမှတ်တမ်း၊ သို့တည်းမဟုတ် စာချုပ်စာတမ်းရှိမည်ဟု မိမိယုံကြည်သော အဆောက်အအုံများသို့သင့်တော်သည့်အချိန်၌ ဝင်ရောက်နိုင်သည့်ပြင်၊ ဤအက်ဥပဒေအရ တင်သွင်းရန်ဆင့်ဆိုထားသည့်အကြောင်းအရာတခုခုရရှိနိုင်ရန်အလို့ငှါ၊ မေးမြန်းလိုသည့်ကိစ္စများကိုလည်း မေးမြန်းစုံစမ်းနိုင်သည်။

စာရင်းချုပ်များနှင့် အကြောင်းအရာများကိုထုတ်ပြန်ကြော်ငြာခြင်းနှင့် ပတ်သက်သည့်ကန့်သတ်ချက်။

၇။ ။(၁) ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ တင်သွင်းထားသည့်စာရင်းချုပ်တခုကိုဖြစ်စေ၊ ထိုစာရင်း၏အစိတ်အပိုင်းကိုဖြစ်စေ၊ သီးခြားဖြစ်သော လုပ်ငန်းတခုခုနှင့် စပ်လျဉ်းသည့် အကြောင်းအရာကိုဖြစ်စေ၊ အခါကာလ အားလျော်စွာ ထိုစာရင်းချုပ်၊ သို့တည်းမဟုတ် အကြောင်းအရာနှင့် ဆိုင်သော လုပ်ငန်းပိုင်ဆိုင်သူကဖြစ်စေ၊ ပိုင်ဆိုင်သူ၏ အာဏာရ ကိုယ်စားလှယ် ဖြစ်စေ၊ သဘောတူကြောင်းစာကို ကြိုတင်မရရှိဘဲ၊ အကြောင်းတခုခုတည်း သီးခြားဖြစ်သောလုပ်ငန်းတခုကို ရည်ညွှန်းသည်ဟု ညွှန်ပြယူဆသိရှိနိုင်ရန်ဖေါ်ပြသည့် နည်းလမ်းမျိုးဖြင့် ထုတ်ပြန်ကြော်ငြာခြင်းမပြုရ။

(၂) ဤအက်ဥပဒေအရဖြစ်စေ၊ ရာဇသတ်ကြီးဥပဒေအရဖြစ်စေ၊ တရားစွဲဆိုရန်ကိစ္စများမှတပါး၊ ဤအက်ဥပဒေအရ စာရင်းစစ်တမ်းကောက်ယူခြင်းနှင့်ပတ်သက်၍ လုပ်ကိုင်သူမဟုတ်သူ မည်သူကိုမျှ ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းထားသည့် စာရင်းချုပ်၊ သို့တည်းမဟုတ် အကြောင်းအရာတစုံတရာကိုကြည့်ရှုခွင့်မပြုရ။

ပြစ်ဒဏ်

၈။ ။တဦးတယောက်သောသူအား၊ အကြောင်းအရာတခုခု၊ သို့တည်းမဟုတ် စာရင်းချုပ်တခုခုကို တင်သွင်းရန်ဆင့်ဆိုသောအခါ၊ ထိုသူက—

(က) ဤအက်ဥပဒေအရ၊ လိုအပ်သည့် အကြောင်းအရာ၊ သို့တည်းမဟုတ် စာရင်းချုပ်ကို တင်သွင်းရန် တမင်သက်သက် ငြင်းဆို၊ သို့တည်းမဟုတ် တရားသော အကြောင်းပြချက် မရှိဘဲ ပျက်ကွက်လျှင်သော်၎င်း၊

(ခ) မမှန်ဟုမိမိသိသောအကြောင်းအရာ၊ သို့တည်းမဟုတ် စာရင်းချုပ်တစုံတခုကို တမင်သက်သက် တင်သွင်း၊ သို့တည်း မဟုတ် တင်သွင်းစေလျှင်သော်၎င်း၊

(ဂ) ဤအက်ဥပဒေအရ တင်သွင်းရန် လိုအပ်သည့် အကြောင်းအရာတခုခုရရှိရန်လိုအပ်သည့် မေးခွန်းတခုခုကို ဖြေဆိုရန် ငြင်းပယ်၊ သို့တည်းမဟုတ် တမင်သက်သက်မမှန်သော အဖြေကိုပေးလျှင်သော်၎င်း

တဦး တယောက်သောသူက၊ ပုဒ်မ ၆ အရ ပေးအပ်ထားသော သက်ဆိုင်ရာမှတ်တမ်းများနှင့် စာချုပ်စာတမ်းများကိုကြည့်ရှုနိုင်သည့်အခွင့်အရေး၊ သို့တည်းမဟုတ် အဆောက်အအုံတခုခုသို့ ဝင်ရောက်နိုင်သည့် အခွင့်အရေးကို တားမြစ်ပိတ်ပင်လျှင်သော်၎င်း၊ ထိုသူကို ပြစ်မှုအသီးသီးအတွက် တမူကိုငါးရာထိ ငွေဒဏ်စီရင်ခြင်းခံထိုက်စေရမည်။ ထို့ပြင် ဆက်လက်ကျူးလွန်သည့် ပြစ်မှု တစုံတရာဖြစ်သည့် အချက်တွင် ပဌမပြစ်မှုကျူးလွန်ပြီးနောက်၊ နောက်ထပ်ဆက်လက်ကျူးလွန်သော ပြစ်မှု၏ ကာလအပိုင်းအခြားအတွက် တနေ့လျှင် နှစ်ရာထိ ငွေဒဏ်စီရင်ခြင်းခံထိုက်စေရမည်။ ထို့ပြင် မမှန်သော အကြောင်းအရာ၊ မမှန်သောစာရင်းချုပ်များ၊ သို့တည်းမဟုတ် မမှန်သော အဖြေများနှင့်စပ်လျဉ်း၍၊ ပြစ်မှုကိုမှန်သောအကြောင်းအရာ၊ သို့တည်းမဟုတ်မှန်သော စာရင်းချုပ်၊ သို့တည်းမဟုတ် မှန်သောအဖြေများကို ရရှိသည့်တိုင်အောင် ဆက်လက် ကျူးလွန်နေသည်ဟူ၍ မှတ်ယူရမည်။

**အကြောင်းအရာ၊ သို့တည်းမဟုတ် စာရင်းချုပ်များကို နည်းလမ်းတကျမဟုတ်ဘဲ ပေါက်ကြားအောင် ပြုလုပ် ထုတ်ဖော်ပြောဆိုသည့်အတွက် ပြစ်ဒဏ်။**

၉။ ။ဤအက်ဥပဒေအရစာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍၊ လုပ်ကိုင်သူ တဦးတယောက်က ဤအက်ဥပဒေအရ အလုပ် ဝတ်တရားများကိုဆောင်ရွက်ရန်ကိစ္စများမှတပါး၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ဖြစ်စေ၊ ရာဇသတ်ကြီး ဥပဒေအရ ဖြစ်စေ၊ ပြစ်မှုတစုံတရာအတွက် တရားစွဲဆိုရန် ကိစ္စများမှတပါး၊ ဤအက်ဥပဒေအရ ပေးသည့်အကြောင်းအရာတခုခုကိုဖြစ်စေ၊ တင်သွင်းသည့်စာရင်းချုပ်ပါအကြောင်းအရာများကိုဖြစ်စေ၊ အစိုးရကစာရင်းကိုထုတ်ပြန် ကြော်ငြာခြင်းမပြုမီ နည်းလမ်းမကျဘဲ တမင် သက်သက် ပေါက်ကြားအောင် ပြုလုပ်ထုတ်ဖော်ပြောဆိုလျှင်၊ ထိုသူသည်ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ တထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**ပြစ်မှုများကိုအရေးယူခြင်း**

၁၀။ ။စာရင်းစစ်တမ်း ကောက်ယူရေး အာဏာပိုင်က ဖြစ်စေ၊ ထိုအာဏာပိုင်၏ အခွင့်အမိန့်နှင့်ဖြစ်စေ၊ စွဲဆိုသည်မဟုတ်လျှင်၊ ပုဒ်မ ၈ အရ၊ မည်သည့် တရားစွဲဆိုမှုကိုမျှ မပြုမလုပ်ရ။ ထို့ပြင် အစိုးရကဖြစ်စေ၊ အစိုးရအခွင့်အမိန့်နှင့်ဖြစ်စေ၊ စွဲဆိုသည်မဟုတ်လျှင်၊ ပုဒ်မ ၉ အရ [illegible]သည့်တရားစွဲဆိုမှုကိုမျှ မပြုလုပ်ရ။

**နည်းဥပဒေများပြုလုပ်ရန် နိုင်ငံတော်သမတ၏ အာဏာ။**

၁၁။ ။(၁) နိုင်ငံတော်သမတပြုလုပ်မည့် နည်းဥပဒေများကို အမိန့်ကြော်ငြာစာဘွင် ကြိုတင်ထုတ်ပြန် ကြော်ငြာရမည် ဆိုသောစည်းကမ်းချက်ကို မဆန့်ကျင်ဘဲ၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများကိုပြုလုပ်နိုင်သည်။

(၂) အထက်ဆိုခဲ့သည့်အာဏာများ၏ယေဘုယျသဘောကို မထိခိုက်စေဘဲ ပုဒ်မ ၆ အရ၊ အပ်နှင်းထားသောစာချုပ်စာတမ်းများ ကြည့်ရှုနိုင်သည့်အခွင့်အရေး အဆောက်အအုံသို့ ဝင်ရောက်နိုင်သည့်အခွင့်အရေးကို ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ စည်းချဉ်းသတ်မှတ်ရန် နည်းဥပဒေများကို ဤပုဒ်မအရပြုလုပ်နိုင်သည်။